# ခရီးရှည်ချီတက်ပွဲနှင့် အစာငတ်ခံဆန္ဒပြတိုက်ပွဲ နေ့စဉ်တိုးတက်မှု သတင်းလွှာ

နေ့စွဲ။ ၀၉၊၀၂၊၂၀၀၄

ယမန်နေ့က စတင်ခဲ့သော ခရီးရှည်ချီတက်ပွဲကို ပါဝင်ဆောင်ရွက်သူ သုံးဦးသည် ယနေ့နံက်တွင် ချီတက်စဉ် လမ်း၌ ဖြန့်ဝေရန် စာရွက်စာတမ်းများကို ပြင်ဆင်ခြင်း၊ ဒေသဆိုင်ရာ ရဲစခန်း၌ ခွင့်ပြုချက်သွားရောက်တောင်းခံခြင်း စသည်တို့ကို ပြုလုပ်ပြီးနောက် နံက် ၁၂နာရီ တွင် ချီတက်ပွဲကို ပြန်လည်စတင်ခဲ့ပါသည်။

ညနေ ၅နာရီ ၁၅မိနစ်တွင် တစ်နေ့တာချီတက်ခြင်းကို ရပ်နားခဲ့ကြပါသည်။ ထိုင်းမြန်မာနယ်စပ်ဒေသနေ မြန်မာ့ဒီမိုကရေစီမြတ်နိုးသူ(၁၁၄)ဦး နှင့် ဖင်လန်နိုင်ငံမှ မြန်မာများမှ အားပေးထောက် ခံကြောင်း သဝဏ်လွှာများထွက် ပေါ်လာပါသည်။ ဒီမိုကရက်တစ်မဟာမိတ်တပ်ပေါင်းစု အထွေထွေအတွင်းရေး မှူးနှင့် ပြည်သူ့တိုးတက်ရေးတပ်ဦး အထွေထွေအတွင်းရေးမှူး ဒေါက်တာ ကျော်ညွန့်မှ အားပေးထောက်ခံကြောင်း သဝဏ်လွှာပေးပို့ခဲ့ပါသည်။ ပေးပို့ချက်များကို လှုပ်ရှားမှုကြီးတစ်ခုလုံး၏ အင်တာနက်စာမျက်နှာဖြစ်သော http://longmarchandhungerstrike.odfb.org တွင်ဖေါ်ပြနိုင်ရန် စီစဉ်ဆောင်ရွက်နေဆဲဖြစ်ပါသည်။ လူကိုယ်တိုင်လာရောက်မပါဝင်နိုင်သော်လည်း စိတ်ဓါတ်အင်အားအရပူးပေါင်းလာသူများအားလုံးကို အထူးကျေးဇူးတင် ရှိပါသည်။ ယခုတိုက်ပွဲသည် အမေရိကရောက်မြန်မာများ၏ တိုက်ပွဲသာမဟုတ်ပဲ မိမိတို့ကိုယ်တိုင်ပါဝင်သောတိုက်ပွဲအဖြစ် မှတ်ယူစေချင်ပါသည်။ အခြားသောလူပုဂ္ဂိုလ်၊ အဖွဲ့အစည်းအသီးသီးမှလည်း အားပေးလိုပါက FreedomLongMarch@aol.com or freedomlongmarch@odfb.org သို့ဆက်သွယ်ပေးပို့နိုင်ပါသည်။

နယူးယောက်ပြည်နယ်၊ ဘတ်ဖလိုးမြို့မှ ကိုဝင်းတင်အပါဝင်သုံးဦးသည် လမ်းလျှောက်ချီတက်သူ ၃ ဦးနှင့် လာရောက်ပူးပေါင်းရန် အယ်ဘာနီမြို့သို့ စက်တင်ဘာလ ၂၈ရက် ည ၈နာရီခန့်တွင် ရောက်ရှိလာပါသည်။

အမျိုးသားကောင်စီသဘာပတိအဖွဲ့ဝင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် လွှတ်မြောက်နယ်မြေ ဥက္ကဌ ဦးဝင်းခက်မှ လာရောက်ပူးပေါင်း ချီတက်မည် ဖြစ်ကြောင်း ဂျပန်နိုင်ငံမှ တယ်လီဖုန်းဆက်ပြောကြားခဲ့ပါသည်။ စက်တင်ဘာလ ၇ ရက်နေ့တွင် အမေရိကန်နိုင်ငံသို့ ရောက်ရှိလာမည်ဟုသိရပါသည်။ ဦးဝင်းခက်၊ ကိုဝင်းတင်တို့ကဲ့သို့ အခြားသော မြန်မာ့ဒီမိုကရေစီရေး အင်အားစုများမှလည်း လာရောက်အားဖြည့် ကူညီကြပါရန် ထပ်မံနှိုးဆော်အပ်ပါသည်။

Ithaca Times သတင်းစာမှ သတင်းထောက်တစ်ဦးမှ စက်တင်ဘာ သုံးရက်နေ့ တွင် လာရောက်ပူးပေါင်းချီတက်ရင်း သတင်းရယူမည်ဟု သိရပါသည်။

ယခုလှုပ်ရှားမှုတစ်ခုလုံးသည် မြန်မာ့ဒီမိုကရေစီရေးအတွက် စေတနာ့ဝန်ထမ်းများမှ မိမိဆန္ဒအလျောက်စတင်ခဲ့ခြင်းဖြစ်သဖြင့် လူအား၊ ငွေအားမပြည့်စုံမှု အခက်အခဲများကြောင့် သတင်းများအနည်းငယ် နောက်ကျသလိုဖြစ်နေရခြင်းနှင့် ပါတ်သက်၍ နားလည်ခွင့်လွှတ်ပေးကြပါရန် အနူးအညွတ်တောင်းပန်အပ်ပါသည်။